# ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အဖွဲ့အစည်း လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အဖွဲ့အစည်း လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၆၅ (က) တွင် "အဖွဲ့အစည်း၌ ပါဝင်မည့် အကြံပေးပုဂ္ဂိုလ်နှင့် တွဲဖက်အကြံပေးပုဂ္ဂိုလ်များ ရရှိထားသည့် ကျွမ်းကျင်မှုနယ်ပယ်များအနက် အပိုဒ် ၆၆ အပိုဒ်ခွဲ (က) မှ(ဃ) အထိ ကျွမ်းကျင်မှုနယ်ပယ်များ အနည်းဆုံးပါဝင်ရမည်" ဟု ပြဋ္ဌာန်းသတ်မှတ်ထားခြင်းကို ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုချက်အရ ၃၀-၆-၂၀၂၄ အထိ ကင်းလွတ်ခွင့်ပြုကြောင်းနှင့် လုပ်ထုံးလုပ်နည်း အပိုဒ် ၄၂ အရ အကြံပေးအဖွဲ့အမျိုးအစား (က) လုပ်ငန်းလိုင်စင်အတွက် အကြံပေးပုဂ္ဂိုလ် အနည်းဆုံးနှစ်ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုကြောင်းနှင့် အပိုဒ် ၄၃ အရ အကြံပေးအဖွဲ့အမျိုးအစား (ခ) လုပ်ငန်းလိုင်စင်အတွက် အကြံပေးပုဂ္ဂိုလ်ဖြစ်စေ၊ တွဲဖက်အကြံပေးပုဂ္ဂိုလ်ဖြစ်စေ အနည်းဆုံးနှစ်ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုကြောင်း၊ လျှောက်ထားလာသည့် အဖွဲ့အစည်းတွင်ပါဝင်သည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုနယ်ပယ်များကို အခြေခံ၍ စိစစ်ရွေးချယ်ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအဖွဲ့အစည်းအတွက် လုပ်ငန်းလိုင်စင်ရရှိပြီးသည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်အကြံပေးပုဂ္ဂိုလ်များထပ်မံရရှိလာပါက နယ်ပယ်များထပ်တိုးရရှိနိုင်ရေးအတွက် အဖွဲ့တွင်ထပ်တိုးဖွဲ့စည်းပြီး ပြန်လည်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။